သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ သူရဦးအောင်ကို၏

ဥယျောစဉ်

တစ်နှစ်အတွင်း လွတ်လပ်ရေး ရစေရမည်ဟူသည့် ကြွေးကြော်သံဖြင့် အမှန်တကယ် ရရှိစေရန် လုပ်ဆောင်သွားခဲ့သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံတော်တည်ထောင်ဖက် ခေါင်းဆောင်များ မရှိကြတော့သည်မှာ (ယခု ၂၀၂၀ ပြည့်နှစ်တွင်) ၇၃ နှစ်တိုင်ခဲ့ပြီ။ သို့သော် ခန့်ညားထည်ဝါ လေးစားလောက်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ၏ အတ္ထုပ္ပတ္တိကိုကား ယနေ့တိုင် စနစ်တကျ အချိန်ယူ သုတေသနပြုလုပ် ရေးသားထားသည့် ကျမ်းစာအုပ်မျိုး မပေါ်သေးဟု ဆိုချင်ပါသည်။

တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့သည့် ၁၉၃၈ ခုနှစ်မှစတင်၍ ၁၉၄၇ ခုနှစ်အထိ ဖြစ်သော (၉)နှစ်တာကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာတစ်မျိုးသားလုံး၏ နှလုံးသားတွင် အခိုင်အမာ ကိန်းဝပ်နေရန် မည်မျှ အလုပ်လုပ်ပြသွားသည်ကို ရှေးက ရှိခဲ့ဖူးသည့် နိုင်ငံတည်ထောင်မင်းများနှင့် နှိုင်းယှဉ်ကြည့်မိသည်။

အနော်ရထာ (၁၀၄၄–၇၇)	၃၃ နှစ်
ဘုရင့်နောင် (၁၅၅၁–၈၁)	၃၀ နှစ်
အလောင်းမင်းတရားကြီး (၁၇၅၂–၆၀)	၈ နှစ်
ဗိုလ်ချုပ်အောင်ဆန်း (၁၉၃၈–၄၇)	၉ နှစ်

ဖော်ပြပါ ခေါင်းဆောင်အသီးသီးသည် နိုင်ငံပြန်လည်တည်ဆောက်ရေးနှင့် လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြရသည်။ ရှေးက နိုင်ငံတည်ထောင်မင်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ဗိုလ်ချုပ်အောင်ဆန်းသည် ဤ(၉)နှစ်တာကာလအတွင်း အများပြည်သူချစ်သော၊ မြတ်နိုးလေးစားသော လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီးတစ်ဦးအဖြစ် စွမ်းဆောင်နိုင်ခဲ့ပေသည်။ တိုတောင်းလှသော ကာလအတွင်း နိုင်ငံလွတ်လပ်ရေးအတွက် မည်မျှ အားအင်စိုက်ထုတ်ခဲ့ရသည်၊ မည်မျှ ကြိုးပမ်းခဲ့ရသည်၊ မည်မျှ အပင်ပန်းခံ အဆင်းရဲခံခဲ့ရသည် စသည်တို့ကို နောင်းလူများအား မှန်ကန်သော

သမိုင်းကြောင်း၏ ပကတိ အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း သိရှိရန် အထူးလိုအပ်ပေသည်။ ထို့ကြောင့် ကိုးစားစံထားလောက်သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကျမ်းကြီး တစ်ကျမ်း ထွက်ပေါ်လာရေး မျှော်လင့်မိပေသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို အဦးအစ ကျယ်ကျယ်ပြန့်ပြန့် ရေးသားခဲ့သူမှာ သတင်းထောက် ဦးပုကလေး ဖြစ်ပေမည်။ ယင်း၏ “ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သနည်း” စာအုပ်သည် အတ္ထုပ္ပတ္တိ မဟုတ်ဘဲ စည်းရုံးရေးခရီး ရောက်ရှိရာ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်များကို ဖော်ပြထားခြင်းဖြစ်သည်။ ဦးပုကလေးသည် သတင်းထောက်တစ်ဦး ဖြစ်၏။ ဗိုလ်ချုပ်သွားလေရာနောက်သို့ အရိပ်ပမာ လိုက်ပါ သတင်းယူနေရသူဖြစ်၏။ ထို့ကြောင့် ဦးပုကလေး၏ တင်ပြချက်များသည် မျက်မြင်ကိုယ်တွေ့ အကြောင်းအရာများ ဖြစ်သောကြောင့် သမိုင်းမှန်ဟု ယုံကြည်ယူဆ၍ ရနိုင်ပါသည်။

ထို့နောက် ဗိုလ်ထွန်းလှ (ခေါ်) တက္ကသိုလ်နေဝင်း၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်း တင်ပြချက်များသည်လည်း ဗိုလ်ချုပ်၏ ကိုယ်ရံတော်၊ ဗိုလ်ချုပ်၏ အပါးတော်မြဲဖြစ်သောကြောင့် အနီးကပ် နေရသူလည်းဖြစ်ပြန်သဖြင့် ယင်းပြောသမျှသည်လည်း ရာနှုန်းပြည့် မဟုတ်သည့်တိုင် ရာနှုန်းပြည့်နီးပါး ယုံကြည်ရသည်ဟု လက်ခံနိုင်ပါသည်။ အကြောင်းမှာ ဗိုလ်ချုပ်ပြောသမျှ ခိုင်းစေတာဝန်ပေးသမျှ ပြီးမြောက်အောင် လုပ်ဆောင်နိုင်ရန် စာဖြင့် ရေးမှတ်ထားရသည်ဖြစ်၍ ယင်း ဗိုလ်ထွန်းလှ (ခေါ်) တက္ကသိုလ်နေဝင်း၏ မှတ်တမ်းတို့သည်လည်း ဗိုလ်ချုပ်အကြောင်းရေးလျှင် အားကိုးယုံကြည်ထိုက်သော သမိုင်းအထောက်အထားများ ဖြစ်ပါသည်။ မူရင်းအထောက်အထားများဟု ဆိုနိုင်ပါသည်။

ထို့ပြင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများ၊ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များက အခါအားလျော်စွာ ရေးသားခဲ့ကြသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ တစ်ကွက်တစ်ခန်း အဖြစ်အပျက်များသည်လည်း သမိုင်းအမှန်များဟု လက်ခံယုံကြည်နိုင်စရာ ရှိပါသည်။

ရှေးက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို မဂ္ဂဇင်းများ၊ ဂျာနယ်များ သတင်းစာများတွင် သာမန်အချိန်များ၌သာမက ပြည်ထောင်စုနေ့နှင့် အာဇာနည်နေ့များ နီးလာသောအခါများတွင် အထူးဆောင်းပါးများအဖြစ် ရေးသားလာခဲ့ကြသည်ကို တွေ့ရတတ်သည်။

လွန်ခဲ့သော ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ခန့်က မြန်မာသမိုင်းကော်မရှင်မှ သမိုင်းပညာရှင်အချို့နှင့် သုတေသနမှူးတို့က အခန်းလိုက်တာဝန်ယူ၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ကျမ်းကြီး ရေးသားပြုစုခဲ့ဖူးသည်ဟု ကြားသိရသည့်အတွက် ပြန်လည်ပြင်ဆင်ဖြည့်စွက်ထုတ်ဝေနိုင်ရန် ကြိုးစားခဲ့ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကျမ်းကြီးကို မြန်မာသမိုင်းအဖွဲ့ဝင်များနှင့် သမိုင်းသုတေသနမှူးများက အချိန်ယူလျက် ဌာနတွင် စုဆောင်းထားရှိသော ပြည်တွင်း ပြည်ပအထောက်အထားများ၊ ခေတ်ပြိုင်မှတ်တမ်းများ၊ တွေ့ဆုံမေးမြန်းချက် အသံဖိုင်များ၊ အသံသွင်း မိန့်ခွန်းများ၊ ဓာတ်ပုံမှတ်တမ်းများ စသည်တို့ကို ကောင်းစွာအသုံးပြု ရေးသားထားခြင်းဖြစ်သောကြောင့် အတော်အတန်ပြည့်စုံသော သမိုင်းကျမ်းတစ်စောင်ဖြစ်မည်ဟု ယုံကြည်လက်ခံနိုင်စရာ ရှိပါသည်။ လွန်ခဲ့သော အနှစ် ၃၀ ဝန်းကျင်က ရေးခဲ့ပြီး ယခုမှ ပြန်လည်တည်းဖြတ်ထုတ်ဝေရသောကြောင့် ပြန်လည် စစ်ဆေးနိုင်ခွင့် ရရှိသဖြင့် ပိုမိုယုံကြည်အားထားလောက်စရာ ဖြစ်မည်ဟုလည်း ယုံကြည်ပါသည်။ လိုအပ်နေသော သမိုင်းကွက်လပ်ကို ဖြည့်လိုက်နိုင်သကဲ့သို့ သမိုင်းကြွေးလည်း ဆပ်နိုင်ပေပြီ။ ထို့အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။

မည်သို့ပင်ဆိုစေ မြန်မာသမိုင်းအဖွဲ့ဝင်များနှင့် သမိုင်းသုတေသနမှူးများ စုပေါင်းရေးသားထုတ်ဝေလိုက်သည့် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကျမ်းသည် မြန်မာသမိုင်းအဖွဲ့၏ တိမ်မြုပ်နေခဲ့သော ဆောင်ရွက်ချက်တစ်ရပ်ကို ပြန်လည် ဖော်ထုတ်နိုင်သဖြင့်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိသကဲ့သို့ အများပြည်သူတို့သည်လည်း မြန်မာသမိုင်းအဖွဲ့ဝင်များနှင့် သမိုင်းသုတေသနမှူးများ စနစ်တကျ သုတေသနပြုလျက် အဂတိကင်းစွာဖြင့် ရေးသားထားသော အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကျမ်းကို အားပါးတရ လေ့လာနိုင်ကြမည်ဖြစ်သဖြင့် ကျေနပ်ပီတိဖြစ်ရပါသည်။

ပြည်သူ့အတွက် ကိုယ်ကျိုးစွန့် လုပ်ဆောင်သူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ချစ်ကြည်ညိုလေးစားကြသော အများပြည်သူတို့ကလည်း ယခု ထုတ်ဝေလိုက်သော အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကျမ်းကို လေ့လာဖတ်ရှုခြင်းအားဖြင့် ဗိုလ်ချုပ်ကို အားကျလိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာမည်ဖြစ်သည်။

ဗိုလ်ချုပ်ကို အားကျလျှင် ဗိုလ်ချုပ်ကဲ့သို့ ဖြစ်လာနိုင်ရန် ပြည်သူတို့အပေါ် စေတနာကောင်း အသိပညာကောင်းတို့ဖြင့် တွဲဖက်ပြဋ္ဌာန်းပြီး ကံ ဉာဏ် ဝီရိယတို့နှင့် ပေါင်းစပ်လုပ်ဆောင်နိုင်ကြလျှင် ပြည်သူလည်းချစ် တိုင်းပြည်အတွက်လည်း တန်ဖိုးကြီးမားပြီး သမိုင်းမှတ်တမ်းတင်နိုင်မည့် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ပုဂ္ဂိုလ်များ ပေါ်ပေါက်လာနိုင်မည်ဖြစ်ပါသည်။ အားကျအတုယူလောက်သည့် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော ပုဂ္ဂိုလ်မျိုး များပြားလာပါမှလည်း နိုင်ငံငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

(သုရဦးအောင်ကို)
ပြည်ထောင်စုဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ဆရာကြီး ဒေါက်တာခင်မောင်ညွန့်၏

အမှာစာ

စာရေးသူသည် နိုင်ငံတော်၏ တာဝန်ပေးချက်များအရ တက္ကသိုလ်ကျောင်းဆရာဘဝမှ အုပ်ချုပ်ရေးလောကသို့ အကြိမ်ကြိမ် ပြောင်းရွှေ့အမှုထမ်းခဲ့ရပြီး၊ သက်ပြည့်အငြိမ်းစားယူခဲ့သော်လည်း အငြိမ်းစားရမည့်နှစ်သို့ မရောက်မီကပင် တာဝန်ပေးပြန်သဖြင့် ယနေ့ အသက် ၉၁ (၂၀၂၀) နှစ်ရှိလာသည်အထိ နိုင်ငံတော်က ပေးသော အချိန်ပိုင်းတာဝန်များကို ထမ်းဆောင်ဆဲဖြစ်ပါသည်။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်လျက်ရှိပါသည်။

၁၉၇၅ ခုနှစ်၊ မော်လမြိုင်တက္ကသိုလ်သို့ ဒုတိယအကြိမ် ပြောင်းရွှေ့ရပြီး၊ သမိုင်းဌာနတွင် တာဝန်ထမ်းနေစဉ်က ပုဂံမြေငလျင်ကြီးလှုပ်၍ များစွာသော ရှေးဟောင်းအဆောက်အအုံကြီးများ ပြိုကျပျက်စီးသွားပါသည်။ နိုင်ငံတော်က လျှောက်ဇက်သင့် ရှေးဟောင်းအဆောက်အအုံများ မူလလက်ရာမပျက် ပြန်လည်တည်ဆောက်ပြုပြင်ရန် ပညာရှင်များအဖွဲ့ဖွဲ့ရာ စာရေးသူလည်း သမိုင်းပညာရှင်အဖြစ် ပါလာပါသည်။ ၁၉၇၆ ခုနှစ်လယ်တွင် စာရေးသူအား ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တာဝန်နှင့် နိုင်ငံတော်က ခန့်သောကြောင့် ရန်ကုန်သို့ ပြန်ရောက်လာပါသည်။ ၁၉၇၇ ခုနှစ်တွင် နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတန် (ဇော်ဂျီ) အငြိမ်းစားယူသွားသောအခါ နိုင်ငံတော်က စာရေးသူအား ယင်းရာထူးကိုပါ ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးပါသည်။ ထိုနှစ်မှစ၍ စာရေးသူသည် ရှစ်နှစ်နီးပါးကြာ ယင်းဌာနနှစ်ရပ်လုံး၏ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၇ ခုနှစ်တွင် ကျင်းပသော ပထမအကြိမ်ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သာထွန်းက ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရှိသင့်ကြောင်း အဆိုတင်သွင်းရာ ပြည်သူ့လွှတ်တော်က အထက်ပါအဆိုကို အတည်ပြုခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာကြီးဖြစ်ပြီး ခေတ်သစ်မြန်မာ့တပ်မတော်၏ ဖခင်ကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကို သုတေသနပြုစုပြီး ရေးသားပုံနှိပ်ထုတ်ဝေရန် နိုင်ငံသမိုင်းသုတေသနဦးစီးဌာနသို့ အထူးတာဝန်ပေးပါသည်။

ယင်းတာဝန်ကို ဆောင်ရွက်ရန် ဌာနရှိဝန်ထမ်းများသည် အခြားဆက်စပ်ဝန်ကြီးဌာနများ၊ တက္ကသိုလ်များစာကြည့်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်များ၊ မှတ်တမ်းရုံးများ၊ ပြည်တွင်းပြည်ပ အထောက်အထားများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး၊ ညီအစ်ကို မောင်နှမများ၊ သူငယ်ချင်းမိတ်ဆွေများ၊ သူ့ဇာတိရပ်ရွာရှိ ရပာန်းရှင်လူ ပုဂ္ဂိုလ်များ၊ တက္ကသိုလ်ကျောင်းသားများ၊ သခင်သခင်မများ၊ သူနှင့် အနီးကပ်ရှိခဲ့သော ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)တို့ပါမကျန် လူတွေ့မေးမြန်းခဲ့ကြပါသည်။ စာရေးသူကိုယ်တိုင်ကလည်း ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်အား အာဇာနည်နေ့အခမ်းအနား၊ ထွန်းကျွေးပွဲများတွင် ကြုံတိုင်း ဗိုလ်ချုပ်အကြောင်းကို မေးမြန်း မှတ်ယူပါသည်။ ခွင့်တောင်းပြီး သူ့အိမ်သို့လည်း သွားရောက်မေးမြန်းပါသည်။ သူ့အပါးတော်မြဲဖြစ်ခဲ့သော ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) နှင့်လည်း အကြိမ်ပေါင်းများစွာ ကြုံတိုင်း မေးမြန်းသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ အလေ့အထ၊ အကျင့် စရိုက်လက္ခဏာကို သိခဲ့ရသည်။ ဗိုလ်ထွန်းလှက ဗိုလ်ချုပ်အောင်ဆန်း အနေနှင့်သာမက သာမန်လူသားအဖြစ် Aung San, The Man အနေနှင့်လည်း ရေးသင့်ကြောင်းကို စာရေးသူအား အကြံပေးပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပြောင်ကျကျ ပြောတတ်ပုံ၊ အညာသားပီပီ အညာစာ ပဲပြုတ်ကြိုက်တတ်ပုံ၊ မေရှင်၊ ဘီလပ်ပြန်သန်း (Dora Than Aye) နှင့် မေသန်းသီချင်းများကို ကြိုက်ပြီး ပြည်ထောင်စုစည်းရုံးရေးအတွက် တောင်တန်းဒေသများ၊ သွားရောက်စဉ်က မေရှင်၏ ကျောင်းပိတ်ရက် သီချင်းကို ဆိုခဲ့ပုံ၊ လွတ်လပ်ရေးရပြီးပါက စာရေးသော လုပ်ငန်းသာ လုပ်မည်ဟု ပြောပြပုံတို့ကို စာရေးသူအား ပြောပြပါသည်။

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ပြုစုရေး တာဝန်ယူရသောအခါ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်ပါဝင်သော အထောက်အထား၊ စုဆောင်းရေးအဖွဲ့၊ ဗိုလ်ချုပ်အောင်ဆန်း၊ အတ္ထုပ္ပတ္တိ ပထမမူကြမ်း ပြုစုရေးအဖွဲ့နှင့် တာမူစိစစ် တည်းဖြတ်ရေးအဖွဲ့များ ဖွဲ့၍ ဆောင်ရွက်ခဲ့ပါသည်။

စုဆောင်းရရှိပြီးသောအထောက်အထားများကိုလေ့လာ၍ ပထမမူကြမ်းကို အောက်ဖော်ပြပါ သုတေသနဝန်ထမ်းများက တာဝန်ယူရေးသားခဲ့ကြပါသည်-

အခန်း (၁) ဒေါက်တာခင်လှဟန် (သုတေသနမှူး)
အခန်း (၂) ဦးတင်ဝင်း (သုတေသနမှူး)
အခန်း (၃) ဦးသိမ်းနိုင် (အကြီးတန်းသုတေသနမှူး) (ကွယ်လွန်)
အခန်း (၄) ဦးရည်စိန် (သုတေသနမှူး) (ကွယ်လွန်)
အခန်း (၅) ဦးမြတန် (သုတေသနမှူး)
အခန်း (၆) ဦးလှသိန်း (အကြီးတန်းသုတေသနမှူး)

ပထမမူကြမ်းကို ၁၉၈၂ ခုနှစ်က ရေးသားပြီးစီးခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ပုံမနှိပ်ဖြစ်ခဲ့ပါ။ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကို ယခုပုံနှိပ်ထုတ်ဝေတော့မည်ဟု သိရ၍ စာရေးသူ အသက် ၄၉ နှစ် အရွယ်က စခဲ့သော ဤစာအုပ်ကြီးသည် ယနေ့ အမှာစာရေးသော ၂၀၂၀ ပြည့်နှစ်၊ အသက် ၉၁ နှစ် အရွယ်ရောက်လာသော အဘိုးအိုအနေနှင့် များစွာနှစ်ထောင်းအားရ ရှိလှပါသည်။ နှစ်ပေါင်း ၃၉ နှစ်ပင်ကြာခဲ့ပြီ။

ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော ပုဂ္ဂိုလ်ကြီးတစ်ယောက်၏ အကြောင်းအရာများမှာ ပြီးပြည့်စုံသည်ဟူ၍ မရှိ၊ ကျန်သွားသော၊ မေ့နေသော အချက်အလက်၊ အထောက်အထားများစွာ ရှိနိုင်ပါသေးသည်။ ထို့ကြောင့် စာရှုသူအပေါင်း၊ ရဟန်းရှင်လူတို့အားလည်းကောင်း၊ ပြည်တွင်းပြည်ပသုတေသီများအားလည်းကောင်း အထူးမေတ္တာရပ်ခံလိုသည်မှာ ပြင်ဆင်၊ ဝေဖန်၊ ဆန်းစစ်၊ ဖြည့်စွက်ပေးကြပါဟု အနူးအညွတ် ပန်ကြားပါရစေခင်ဗျား။

မဟာသဒ္ဓမ္မဇောတိကဓဇ
စည်သူ၊ ဒေါက်တာခင်မောင်ညွန့်
(အငြိမ်းစားအဖွဲ့ဝင်)
မြန်မာသမိုင်းအဖွဲ့

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊
ထူရဲဦးအောင်ကို၏ ဥပဒေသနာဇင် ထု
ဆရာကြီးဒေါက်တာခင်မောင်ညွန့်၏ အမှာစာ ထော
ဒေါက်တာတိုးလှ၏ အမှာစာ ခ

အခန်း (၁) လူငယ်ဘဝ (၁၉၁၅–၃၂)

၁။ ဇာတိချက်ကြွေ မွေးရပ်မြေ ၁
၂။ မွေးနေ့နှင့် ဇာတာ ၂
၃။ မောင်ထိန်လင်းမှ မောင်အောင်ဆန်းသို့ ၂
၄။ မျိုးနွယ်ဇာတိ ၃
၅။ မောင်အောင်ဆန်း၏ မွေးချင်းများ ၆
၆။ ကလေးဘဝ ဖြတ်သန်းခဲ့ရပုံများ ၇
၇။ ဘုန်းကြီးကျောင်းသား မောင်အောင်ဆန်း ၁၃
၈။ အမျိုးသားကျောင်းသား မောင်အောင်ဆန်း ၂၀
၉။ အောင်ဆန်းတေမိ ၂၅
၁၀။ ကျောင်းသားအရွယ်က ဝါသနာ ၂၈
၁၁။ စိတ်နေသဘောထား ၃၆
၁၂။ ကျောင်းတွင်း စကားရည်လုပွဲ ၃၉
၁၃။ ကျောင်းသားသမဂ္ဂ လှုပ်ရှားမှု ၄၁
၁၄။ နိုင်ငံရေးတရားပွဲများအပေါ် စိတ်ဝင်စားခြင်း ၄၄
၁၅။ ဦးအာနှင့် မောင်အောင်ဆန်းတို့၏ ပေးစာ ပြန်စာ ၄၆
၁၆။ ခိုင်ယာရီရေးသော မောင်အောင်ဆန်း ၄၇
၁၇။ ပန်းချီဆရာ မောင်အောင်ဆန်း ၅၀
၁၈။ ၁၀ တန်းစာမေးပွဲ ဖြေစဉ်က ၅၀

စဉ်
၁၉။
၂၀။
၂၁။
၂၂။
၂၃။
၂၄။
၂၅။
၂၆။
၂၇။
၂၈။
၂၉။
၃၀။
၃၁။
၃၂။
၃၃။
၃၄။
၃၅။
၃၆။
၃၇။
၃၈။
၃၉။
၄၀။
၄၁။
၄၂။
၄၃။
၄၄။

အကြောင်းအရာ	စာမျက်နှာ

အခန်း(၂) တက္ကသိုလ်ကျောင်းသားဘဝ (၁၉၃၂–၃၈)

အကြောင်းအရာ	စာမျက်နှာ
တက္ကသိုလ်ကျောင်းသားများ၏ ဝတ်စားဆင်ယင်မှု	၅၃
ပဲခူးဆောင် သဟာယအသင်း ရွေးကောက်ပွဲ	၅၅
ကျောင်းသားနိုင်ငံရေးသမား ဘဝအစ	၅၇
ပဲခူးဆောင် စာစောင်အယ်ဒီတာ ရွေးကောက်ပွဲ	၅၈
ရန်ကုန်တက္ကသိုလ် မကွေးအသင်း	၅၉
တကသ ဥက္ကဋ္ဌ အလွှဲအပြောင်း၊ ၁၉၃၂ ဇွန်	၅၉
ယူတီစီ တပ်သား	၆၁
အပြောအဟော လေ့ကျင့်	၆၂
ဥပစာဝိဇ္ဇာတန်း၊ ဒုတိယနှစ်(၁၉၃၃–၃၄)	၆၃
ကျောင်းပိတ်ရက် အိမ်အပြန်	၆၅
ဘာသာပြန် စာပေပြိုင်ပွဲ	၆၆
ဘီအေ ဂျူနီယာတန်း (၁၉၃၄–၃၅)	၆၇
ဘီအေ စီနီယာတန်း (၁၉၃၅–၃၆)	၇၁
ပဲခူးဆောင်သဟာယအသင်း အမှုဆောင်ရွေးကောက်ပွဲ (၁၉၃၅)	
တကသ သမိုင်း (၁၉၃၁–၃၆)	၇၂
တကသအမှုဆောင်အဖွဲ့ ပြန်ကြားရေးတာဝန်ခံ (၁၉၃၅–၃၆)	၇၄
သမဂ္ဂ မဂ္ဂဇင်း	၇၅
စာဖတ်ဝါသနာနှင့် မှတ်ဉာဏ်	၇၈
ငရဲခွေးကြီး လွှတ်နေပြီ ဆောင်းပါးပြဿနာ	၇၉
သမဂ္ဂဥက္ကဋ္ဌ ကိုနုအား ကျောင်းထုတ်မှု (၁၉၃၆ ခုနှစ် ဖေဖော်ဝါရီ ၂၁)	၈၀
ဒုတိယ ကျောင်းသားသပိတ် (၁၉၃၆)	၈၃
ဗကသ ကွန်ဖရင့် (၁၉၃၆–၃၇)	၈၅
ပဲခူးဆောင် သဟာယအသင်းဥက္ကဋ္ဌ (၁၉၃၆–၃၇)	၈၇
တကသ ဒုတိယဥက္ကဋ္ဌ (၁၉၃၆–၃၇)	၈၉
ဘီအယ်လ်တန်း၊ ပထမနှစ် (၁၉၃၇–၃၈)	၉၁
သပိတ်လက်နက် တို့တိုက်ချက် (၁၉၃၇–၃၈)	၉၂
တက္ကသိုလ်ကျောင်းသူများအပေါ် အမြင်	၉၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၅။	လွတ်လပ်ရေး နည်းလမ်းရှာ	၉၅
၄၆။	ကလောင်လက်နက်၊ အစွမ်းထက်	၉၇
၄၇။	ဒါးခယ်မသမဂ္ဂ ထူထောင်ရေး အကြံပေး (၁၉၃၇ ဖေဖော်ဝါရီ ၉)	၁၀၄
၄၈။	မြန်မာစာပေ စင်ကြယ်ရေး အဖွဲ့ဝင်	၁၀၅
၄၉။	ဘီအယ်လ်တန်း၊ နောက်ဆုံးနှစ် (၁၉၃၈–၃၉)	၁၀၆

အခန်း (၃) သခင်ဘဝ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၀။	သခင်အသင်း ဝင်ရန် ဆုံးဖြတ်ချက် ချပြီ	၁၀၉
၅၁။	သခင်အသင်း ဝင်ရန် ကိုနုကို စည်းရုံးပုံ	၁၁၀
၅၂။	မြန်မာပြည် နိုင်ငံရေးအခြေအနေ	၁၁၃
၅၃။	လူတန်းစားအရေး	၁၁၅
၅၄။	သခင်နှင့် ကျောင်းသားများ ပူးပေါင်းမှု	၁၁၇
၅၅။	နယ်ချဲ့တို့ တုန်လှုပ်ပြီ	၁၁၈
၅၆။	သခင်အောင်ဆန်းနှင့် ထောင်နန်း	၁၁၈
၅၇။	မော်လမြိုင်ညီလာခံ	၁၁၉
၅၈။	ညီလာခံဆိုသည်မှာ	၁၂၃
၅၉။	ဝေဖန်ရေး	၁၂၄
၆၀။	အင်္ဂလိပ်အခက် ဗမာ့အချက်	၁၂၅
၆၁။	အထွေထွေအတွင်းရေးမှူး	၁၂၆
၆၂။	ထာဝရနိုင်ငံရေးသမား	၁၂၇
၆၃။	သခင်အောင်ဆန်းထံမှ ဘိုးခက်သို့ ပေးစာ	၁၃၃
၆၄။	လက်ဝဲဝါဒ	၁၃၄
၆၅။	ညီညွတ်ကြစို့	၁၃၄
၆၆။	ဗမာ့ထွက်ရပ်ဂိုဏ်း	၁၃၄
၆၇။	ဗမာ့ထွက်ရပ်ဂိုဏ်း ဦးစီးအဖွဲ့	၁၃၅
၆၈။	သခင်အောင်ဆန်း၏ ကမ္ဘာစစ်နှင့် ဗမာ	၁၃၈
၆၉။	သခင်အောင်ဆန်းနှင့် ဆာစတက်ဖို့တရစ်	၁၄၁
၇၀။	တောင်သူလယ်သမားညီလာခံ	၁၄၄

အကြောင်းအရာ	စာမျက်နှာ
ကူးစက်ရောဂါကုဆေးရုံတွင်	၁၄၄
ဗမာ့ထွက်ရပ်ဂိုဏ်း အင်အားပြပွဲ	၁၅၃
ရမ်းဂါးညီလာခံ	၁၅၃
မှိုင်းသခင်တို့၏ သာယာဝတီညီလာခံ	၁၆၀
မြေအောက်လက်နက်ကိုင် ဗဟိုအဖွဲ့ချုပ်	၁၆၃
မြေအောက်လက်နက်ကိုင် ဗဟိုအဖွဲ့ချုပ် အမှုဆောင်အဖွဲ့	၁၆၃
ဗစိန်-ထွန်းအုပ် သခင်တို့၏ ဖျာပုံညီလာခံ	၁၆၄
ဗစိန်-ထွန်းအုပ် သခင်တို့၏ လွတ်လပ်ရေးအတွက် ကြိုးပမ်းချက်	၁၆၅
ဗမာ့ထွက်ရပ်ဂိုဏ်း အစည်းအဝေးကြီး	၁၆၅
အမျိုးသားကာကွယ်ရေး အဖွဲ့ချုပ်ကြီး	၁၆၇
သခင်များကို အလကြမ်း ဖမ်းပြီ	၁၆၈
ကျောင်းသားတို့၏ တပ်လှန့်သံ	၁၇၀
အမျိုးသားကာကွယ်ရေးအဖွဲ့ချုပ်၏ တပ်လှန့်သံ	၁၇၀
မှိုင်းသခင်တို့၏ တပ်လှန့်သံ	၁၇၁
လက်နက်ကိုင်တော်လှန်ရေးကြီး အုံကြွပေါက်ကွဲတော့မည်လော	၁၇၁
တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးတစ်ဦး	၁၇၂
ဇလွန် ညီလာခံ	၁၇၃
သခင်အောင်ဆန်း ခြေရာပျောက်ပြီ	၁၇၄
ဆုငွေ ၅	၁၇၅
ဝရမ်းပြေးဘဝ	၁၇၅
သခင်အောင်ဆန်းကို မစော်ကားနှင့်	၁၇၉
ထောင်ကို ရှောင်၍ ပြည်သူ့စစ် ဆင်နွှဲလိုခြင်း	၁၇၉
ကိုယ်ဖြစ်ချင်သလို မဖြစ်	၁၈၀

အခန်း (၄) လက်နက်ကိုင်တော်လှန်ရေး ပြင်ဆင်မှုကာလ (၁၉၄၀-၄၁)

အကြောင်းအရာ	စာမျက်နှာ
အရှေ့တိုင်း စစ်မီး	၁၈၃
တရုတ်-မြန်မာ လမ်းမကြီး	၁၈၄

စဉ်	အကြောင်းအရာ	စာမျက်နှာ
၉၆။	ဂျပန်လျှို့ဝှက်အဖွဲ့	၁၈၇
၉၇။	နိုင်ငံခြားနှင့် ဆက်သွယ်ရန် သခင်တို့၏ကြိုးပမ်းမှု	၁၉၁
၉၈။	သခင်အောင်ဆန်း တရုတ်ပြည်သို့	၁၉၄
၉၉။	ဟိုင်လီသင်္ဘောနှင့် ဆက်သွယ်ပုံ	၁၉၇
၁၀၀။	သခင်အောင်ဆန်းတို့၏ တရုတ်နာမည်	၁၉၈
၁၀၁။	သခင်အောင်ဆန်းတို့ သင်္ဘောဆိပ်သို့ ဆင်းကြပြီ	၁၉၈
၁၀၂။	ဟိုင်လီသင်္ဘောပေါ်သို့	၁၉၉
၁၀၃။	ဟိုင်လီသင်္ဘော ထွက်ခွာပြီ	၁၉၉
၁၀၄။	တောင်တရုတ်ပင်လယ်ရောက် သခင်အောင်ဆန်း	၂၀၀
၁၀၅။	အမွိုင်သို့ ရောက်ပြီ	၂၀၁
၁၀၆။	ဆူဇူကီး ရန်ကုန် ရောက်လာပြီ	၂၀၃
၁၀၇။	ဆူဇူကီးနှင့် ဒေါက်တာသိန်းမောင်	၂၀၆
၁၀၈။	ဆူဇူကီး သတင်းထောက်လှမ်းခြင်း	၂၀၆
၁၀၉။	ဆူဇူကီးနှင့် မြန်မာခေါင်းဆောင်များ	၂၀၆
၁၁၀။	သခင်အောင်ဆန်းတို့အကြောင်း ဆူဇူကီးကြားပြီ	၂၀၇
၁၁၁။	သခင်အောင်ဆန်းတို့ ဂျပန်သို့ ရောက်ပြီ	၂၀၉
၁၁၂။	သခင်အောင်ဆန်းကို ကာနယ်ဆူဇူကီး စစ်ဆေးမေးမြန်းပြီ	၂၁၂
၁၁၃။	ဆုငွေ ၅ ကျပ် အမိန့် ရုပ်သိမ်းခြင်း	၂၁၃
၁၁၄။	တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့မှ သခင်အောင်ဆန်း နုတ်ထွက်ခြင်း	၂၁၃
၁၁၅။	သခင်အောင်ဆန်းတို့အား ဂျပန်အမည် ပေးခြင်း	၂၁၄
၁၁၆။	ဂျပန်တို့၏ စိတ်ထားကို သခင်အောင်ဆန်း သိလာခြင်း	၂၁၄
၁၁၇။	ဆူဇူကီး စီမံချက် အာဏာပိုင်တို့ လက်ခံပြီ	၂၁၅
၁၁၈။	မြန်မာ့လွတ်လပ်ရေး စီမံကိန်း	၂၁၈
၁၁၉။	သခင်အောင်ဆန်းကို ပြန်ပို့ရန် စီစဉ်ပြီ	၂၂၀
၁၂၀။	မီနာမိအဖွဲ့ အမိန့်အမှတ် ၁	၂၂၀
၁၂၁။	မီနာမိအဖွဲ့ အမိန့်အမှတ် ၂	၂၂၂
၁၂၂။	သခင်အောင်ဆန်း ပုသိမ်သို့ ပြန်ရောက်ခြင်း	၂၂၃
၁၂၃။	ရန်ကုန်သို့ ပြန်ရောက်လာပြီ	၂၂၄

စဉ်
၁၂၄။
၁၂၅။
၁၂၆။
၁၂၇။
၁၂၈။
၁၂၉။
၁၃၀။
၁၃၁။
၁၃၂။
၁၃၃။
၁၃၄။
၁၃၅။
၁၃၆။
၁၃၇။
၁၃၈။
၁၃၉။
၁၄၀။
၁၄၁။
၁၄၂။
၁၄၃။

၁၄၄။
၁၄၅။
၁၄၆။
၁၄၇။
၁၄၈။
၁၄၉။

အကြောင်းအရာ	စာမျက်နှာ
ဆူဂိအိနှင့် သခင်အောင်ဆန်း ဆက်သွယ်မိပြီ	၂၂၅
သခင်အောင်ဆန်းက စိမံချက်ကို တင်ပြခြင်း	၂၂၆
သခင်အောင်ဆန်း ပြန်လည်ထွက်ခွာပြီ	၂၂၇
မျိုးချစ်လူငယ်တို့ ဆက်လက် ထွက်ခွာကြခြင်း	၂၂၈
ဂျပန်သို့ ပြန်ရောက်လာသော သခင်အောင်ဆန်း	၂၃၁
ဟိုင်နန်ကျွန်း လေ့ကျင့်ရေးစခန်း	၂၃၁
ရဲဘော်တို့၏ ဂျပန်နာမည်များ	၂၃၃
ဌာနေတောင်းကို လွမ်းကြပြီ	၂၃၄
သင်တန်းကျောင်းထဲက ပျော်ပြေပွဲ	၂၃၅
လေ့ကျင့်ရေးကာလအတွင်း ဖြစ်ရပ်တစ်ခု	၂၃၇
ထမင်းချက် သခင်အောင်ဆန်း	၂၃၈
အခြေအနေ ပြောင်းလဲပြီ	၂၄၀
ယွိ့လီသို့ ရွှေ့ပြောင်းပြီ	၂၄၁
မူလအစီအစဉ် ပျက်တော့မလိုလို	၂၄၂
ဗိုလ်မိုးကြိုး	၂၄၄
တပ်မတော် ဖွဲ့စည်းပုံ ရေးဆွဲခြင်း	၂၄၄
မိနာမိအဖွဲ့ ဘန်ကောက်သို့ ပြန်ရောက်ခြင်း	၂၄၅
ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းပြီ	၂၄၅
ရဲဘော်များ ဗိုလ်ဘွဲ့ခံယူပြီ	၂၄၇
သွေးသောက်ပွဲ ကျင်းပခြင်း	၂၄၉

အခန်း(၅) စစ်ဝန်ကြီးဘဝ (၁၉၄၂–၄၅)

ရဲဘော်သုံးကျိပ်တို့ ပြည်တော်ဝင်ခန်း	၂၅၃
အတွင်းသူပုန်တပ်ဖွဲ့	၂၅၇
မြန်မာ့မြေပေါ် ခြေချပြီ	၂၅၇
ရှမ်းရွာသစ်မှ ချီတက်ပြီ	၂၅၉
တိုးပွားလာသော ဘီအိုင်အေ အင်အား	၂၆၀
သံဖြူဇရပ် ဆွေးနွေးပွဲ	၂၆၁

စဉ်	အကြောင်းအရာ	စာမျက်နှာ	စဉ်
၁၅၀။	သခင်ကိုယ်တော်မှိုင်းနှင့် တွေ့ပြီ	၂၆၂	၁၇၈။
၁၅၁။	ရန်ကုန်သို့	၂၆၃	၁၇၉။
၁၅၂။	ပဲခူးရိုးမ အတွင်းဝယ်	၂၆၄	၁၈၀။
၁၅၃။	လိမ္မော်ခြံအလယ်ရွာတွင်	၂၆၅	၁၈၁။
၁၅၄။	ရန်ကုန်တွင်	၂၆၈	၁၈၂။
၁၅၅။	ဘီအိုင်အေ အုပ်ချုပ်ရေး ဆွေးနွေး	၂၆၈	၁၈၃။
၁၅၆။	အထက်မြန်မာပြည် စစ်ချီခရီး	၂၇၀	၁၈၄။
၁၅၇။	ဒေါက်တာဘမော်နှင့် တွေ့ပြီ	၂၇၄	၁၈၅။
၁၅၈။	မေမြို့ ဆွေးနွေးပွဲ	၂၇၄	၁၈၆။
၁၅၉။	ဘဝကြင်ဖော် တွေ့ပြီ	၂၇၈	၁၈၇။
၁၆၀။	လက်ထပ်မင်္ဂလာပွဲ	၂၈၃	၁၈၈။
၁၆၁။	ဖက်ဆစ်တော်လှန်ရေး ဆွေးနွေးပြီ	၂၈၆	၁၈၉။
၁၆၂။	ဂျပန်သို့ ခရီးတစ်ခေါက်	၂၈၇	၁၉၀။
၁၆၃။	ဂျပန်တွင်	၂၈၈	၁၉၁။
၁၆၄။	လွတ်လပ်ရေးစီစဉ်မှု ကော်မရှင်	၂၉၀	၁၉၂။
၁၆၅။	ဖက်ဆစ်တော်လှန်ရေး ဆွေးနွေးကြခြင်း	၂၉၀	၁၉၃။
၁၆၆။	လွတ်လပ်ရေး ကြေညာပြီ	၂၉၁	၁၉၄။
၁၆၇။	တပ်ကိစ္စ ဗိုလ်နေဝင်းကို အပ်ပြီ	၂၉၂	၁၉၅။
၁၆၈။	ဗိုလ်ချုပ်နှင့် စာရေးဝါသနာ	၂၉၄	၁၉၆။
၁၆၉။	စကားပြောသန်သည့် ဗိုလ်ချုပ်	၂၉၇	၁၉၇။
၁၇၀။	ဂျပန်ခေတ် ပြည်သူ့ဘဝနှင့် ဆန္ဒ	၂၉၉	၁၉၈။
၁၇၁။	စစ်ဝန်ကြီးဘဝ	၃၀၀	၁၉၉။
၁၇၂။	တပ်များကို စစ်ဆေးခြင်း	၃၀၁	၂၀၀။
၁၇၃။	လွတ်လပ်ရေး နှစ်ပတ်လည်နေ့	၃၀၁	၂၀၁။
၁၇၄။	ဖက်ဆစ်တိုက်ဖျက်ရေး အဖွဲ့ကြီး ဖွဲ့ပြီ	၃၀၃	၂၀၂။
၁၇၅။	တပ်မတော်နှင့် နိုင်ငံရေး	၃၀၅	၂၀၃။
၁၇၆။	ဘွင်းဘွင်းပြောတတ်သော ဗိုလ်ချုပ်	၃၀၈	၂၀၄။
၁၇၇။	ဗိုလ်ချုပ်၏ ခံယူချက်	၃၀၉	၂၀၅။

အကြောင်းအရာ	စာမျက်နှာ
မော်ကွန်းထိုးလောက်သည့် ဗိုလ်ချုပ်ဂုဏ်ရည်	၃၁၄
ဗိုလ်ချုပ်၏ အုပ်ချုပ်ရေးလုပ်ငန်းဆိုင်ရာအမြင်	၃၁၆
ဗိုလ်ချုပ်မိသားစု	၃၁၇
ကမ္ဘာ့အရေး အလေးထားသင့်သည်	၃၁၈
ကမ္ဘာ့စစ် အခြေအနေ	၃၂၂
အမျိုးသမီးတပ်ဖွဲ့	၃၂၃
ကရင်ဗမာ ချစ်ကြည်ရေး	၃၂၄
ဖတပလ ဖွဲ့ပြီ	၃၂၈
တော်လှန်ရေးရက် သတ်မှတ်ပြီ	၃၂၉
တပ်ထွက် အခမ်းအနား	၃၂၉
ပထမအကြိမ် တော်လှန်ရေးရက် ရွှေ့ပြီ	၃၃၂
ဂျပန်စစ်သေနာပတိ၏ ဂုဏ်ပြုဧည့်ခံပွဲ	၃၃၃
တော်လှန်ရေးနှင့် မိသားစုသံယောဇဉ်	၃၃၄
တော်လှန်ရေးခရီး မထွက်မီ အကြိုည	၃၃၅
တော်လှန်ရေးခရီး	၃၃၆
ဒုတိယအကြိမ် တော်လှန်ရေးရက် ရွှေ့ပြီ	၃၃၇
ရွှေတောင်တွင် နားနေစဉ်	၃၃၉
တော်လှန်ရေး ကြေညာပြီ	၃၄၁
ဂျပန်တပ်မတော်က ပုန်ကန်ရေးခေါင်းဆောင်အဖြစ် ကြေညာပြီ	၃၄၄
သရက်ချောင်းစခန်းတွင်	၃၄၅
သစင်လူငယ်များနှင့် ဖတပလအပေါ် ဗြိတိသျှအရာရှိအချို့၏ အမြင်	၃၄၈
ဗိုလ်ချုပ်ကြီးစလင်းနှင့် တွေ့ပြီ	၃၅၂
ရန်ကုန်သို့ ဗိုလ်ချုပ် ပြန်ရောက်ပြီ	၃၅၈
မြန်မာ့နိုင်ငံရေး ခေါင်းဆောင်များ အစည်းအဝေး	၃၆၀
ဗိုလ်ချုပ်အောင်ဆန်းအပေါ် ဒေါ်မန်စမစ်၏ အမြင်နှင့် သဘောထား	၃၆၁
ဗမာ့တပ်မတော်ကို အမည်ပြောင်းရေး ဆွေးနွေး	၃၆၃
မောင့်ဘက်တန်နှင့် တွေ့ပြီ	၃၆၅
ဒေါ်မန်စမစ်နှင့် တွေ့ပြီ	၃၆၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၀၆။	စစ်ရေးပူးပေါင်းဆောင်ရွက်မှု ညွှန်ကြားလွှာ	၃၇၂
၂၀၇။	ဗိုလ်ချုပ်အား လက်ထောက်စစ်မင်းကြီးရာထူး ပေးရန် စဉ်းစားပြီ	၃၇၂
၂၀၈။	ဗမာ့တပ်မတော်အရေး ဗိုလ်ချုပ် စိတ်မအေးပြီ	၃၇၄
၂၀၉။	ပဲခူး ဆွေးနွေးပွဲ	၃၇၉
၂၁၀။	အမျိုးသား စည်းလုံးညီညွတ်ရေးအတွက် ကြေညာချက်	၃၈၀
၂၁၁။	မပြီးဆုံးသေးသော လွတ်လပ်ရေးတိုက်ပွဲ	၃၈၁

အခန်း(၆) အမျိုးသားခေါင်းဆောင် (၁၉၄၅–၄၇)

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၁၂။	နေသူရိန် လူထုအစည်းအဝေးပွဲကြီး	၃၈၃
၂၁၃။	ကန္ဒီဆွေးနွေးပွဲ	၃၈၇
၂၁၄။	ဗိုလ်ချုပ်နှင့် မောင့်ဘက်တန်	၃၉၀
၂၁၅။	တပ်မတော် ပြန်လည်ဖွဲ့စည်းရေး	၃၉၂
၂၁၆။	ဒေါ်မန်စမစ် ပြန်လာပြီ	၃၉၃
၂၁၇။	အလယ်ပစ္စယံ ညီလာခံ	၃၉၄
၂၁၈။	မေမြို့တွင် အနားယူစဉ်	၃၉၇
၂၁၉။	ထန်းတပင် အရေးအခင်း	၃၉၈
၂၂၀။	ဗိုလ်ချုပ်နှင့် ဆရာတော်ဘုရားကြီးများ	၄၀၀
၂၂၁။	ဒေါ်မန်စမစ် ပြန်ပြီ	၄၀၁
၂၂၂။	ဘုရင်ခံ အပြောင်းအလဲ	၄၀၃
၂၂၃။	ဘုရင်ခံ ဟူးဘတ်ရန့်(စ်) ရောက်လာပြီ	၄၀၄
၂၂၄။	ဖဆပလ ရာထူးယူပြီ	၄၀၆
၂၂၅။	တိုင်းရင်းသားချစ်ကြည်ရေး	၄၁၃
၂၂၆။	ဘိလပ်သို့	၄၁၅
၂၂၇။	ဘိလပ် ရောက်ကြပြီ	၄၂၀
၂၂၈။	အောင်ဆန်း – အက်တလီ စာချုပ်	၄၂၁
၂၂၉။	ဘိလပ်မှ ပြန်ရောက်ကြပြီ	၄၂၉
၂၃၀။	ပင်လုံပဏာမ	၄၃၃
၂၃၁။	ရီး(စ်)ဝီလျံ ကော်မရှင်	၄၃၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၃၂။	ဗိုလ်ချုပ်အောင်ဆန်းနှင့် စော်ဘွားကြီးများ	၄၃၈
၂၃၃။	ပင်လုံညီလာခံ (၁၉၄၇)	၄၄၀
၂၃၄။	အဖျက်အင်အားစုများ	၄၄၃
၂၃၅။	မြန်မာပြည်နှင့်ပူးပေါင်းရေး	၄၄၄
၂၃၆။	နယ်လှည့် တရားဟော	၄၄၈
၂၃၇။	ရှိုင်ခရီး	၄၅၆
၂၃၈။	ရွေးကောက်ပွဲ	၄၅၇
၂၃၉။	ပဏာမညီလာခံ	၄၅၈
၂၄၀။	ပြန်လည်ထူထောင်ရေး	၄၆၁
၂၄၁။	တိုင်းပြည်ပြုလွှတ်တော်	၄၆၄
၂၄၂။	နိုင်ငံတော် လုပ်ကြံမှုကြီး	၄၆၇
၂၄၃။	လုပ်ကြံမှုကြီး၏ဂယက် – ချင်းတောင်ဒေသ	၄၇၄
၂၄၄။	လုပ်ကြံမှုကြီး၏ဂယက် – လူထုရန်သူ နံပါတ်(၁)	၄၇၅
၂၄၅။	ဝမ်းနည်းခြင်း (ပြည်တွင်း)	၄၇၅
၂၄၆။	ဝမ်းနည်းခြင်း (ပြည်ပ)	၄၇၆
၂၄၇။	ဗိုလ်ချုပ်တို့၏ ဈာပန	၄၇၇
၂၄၈။	**နောက်ဆက်တွဲ(၁)** Editorial by Mg Aung San, *Oway or the Voice of the Peacock*	၄၇၉
၂၄၉။	**နောက်ဆက်တွဲ(၂)** Rangoon University Boycotters' Demands	၄၈၀
၂၅၀။	**နောက်ဆက်တွဲ(၃)** ကိုအောင်ဆန်းထံမှ ကိုဗိန်နိုသို့ ပေးစာ	၄၈၂
၂၅၁။	**နောက်ဆက်တွဲ(၄)** BLUEPRINT FOR FREE BURMA	၄၈၅
၂၅၂။	**နောက်ဆက်တွဲ(၅)** ဗိုလ်တေဇ၏ကြေညာချက်	၄၈၉